Panasonic

# စက်ကိရိယာလည်ပတ်ခြင်းနှင့် စက်ကိရိယာတပ်ဆင်ခြင်း အသုံးပြုပုံလမ်းညွှန်

## အလိုအလျှောက်လည်ပတ်သော အဝတ်လျှော်စက် (အိမ်သုံး)

Model No. NA-F80VB7
NA-F75S7
NA-F70S7



## အကြောင်းအရာ


| | |
|---|---|
| ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန် | 2 |
| အစိတ်အပိုင်းများအကြောင်း ရှင်းပြခြင်း | 3 |
| စက်လည်ပတ်မှု ထိန်းချုပ်ဘောင်ကွက် | 4 |
| ညွှန်ကြားချက် (ပရိုဂရမ်) အမျိုးမျိုး | 5 |
| ချေးချွတ်ဆေး (ဆပ်ပြာမှုန့်) | 6 |
| လျှော်ဖွတ်ခြင်း | 7 |
| လျှော်ဖွတ်ရန် ရွေးချယ်မှုများ<br>• နူးညံ့သော<br>• စောင်<br>• လေမှုတ်အခြောက်ခံခြင်း<br>• လျှော်ဖွတ်သည်။ ရေကျင်းသည်။ လှည့်သည် | 8 |
| အဆင်ပြေ လုပ်ဆောင်ချက်များ | 10 |
| ပြုပြင်ထိန်းသိမ်းမှု | 10 |
| စက်ကိရိယာတပ်ဆင်ခြင်း | 12 |
| ပြဿနာအား ရှာဖွေရှင်းပေးခြင်း | 14 |
| မှားယွင်းချက် ပြသခြင်း | 15 |
| ခွဲခြားဖော်ပြပေးခြင်း | 16 |


ဤစက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။

- စက်ပစ္စည်းအား အသုံးမပြုမီ အကောင်းဆုံး စွမ်းဆောင်မှုနှင့် ဘေးကင်းမှုအတွက် ဤညွှန်ကြားချက်များကို သေချာစွာဖတ်ပါ။
- ဤအသုံးပြုပုံလမ်းညွှန်အား နောင်တွင်လည်း အသုံးပြုရန် အညွှန်းအဖြစ် သိမ်းဆည်းထားပါ။


W9901-9NU50
A0415-5119(S)(P)
Printed in Vietnam
11-2019

# ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်

**ဘေးကင်းမှုအတွက် ကြိုတင်သတိပေးချက်များကို ဖတ်ရှုလိုက်နာဆောင်ရွက်ပါ။**

## ⚠ WARNING




### ပါဝါကြိုးနှင့် ပလတ်ခေါင်းအား အောက်ဖော်ပြပါ အချက်များအတိုင်း မပြုလုပ်ရ။

(မီးဘေးအန္တရာယ်နှင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှ ကာကွယ်ရန်)

- ရေစိုလက်ဖြင့် ပါဝါကြိုးပလတ်အား တပ်ဆင်ခြင်း သို့မဟုတ် ဖြုတ်ခြင်းမပြုလုပ်ရ။
- ပလတ်ပေါက်မှ ပလတ်ဖြုတ်လျှင် ကြိုးကိုကိုင်၍ ဆွဲဖြုတ်ခြင်း မပြုလုပ်ရ။
- ပျက်စီးနေသော ပါဝါကြိုးနှင့် ပလတ်အား အသုံးပြုခြင်း မပြုရ။ အကယ်၍ ပါဝါကြိုးပျက်နေလျှင် ဘေးအန္တရာယ်ကို ရှောင်ရှားရန် ထုတ်လုပ်သူပစ္စည်း၊ ယင်း၏ ဝန်ဆောင်မှုကိုယ်စားလှယ် သို့မဟုတ် အလားတူအရည်အသွေးပြည့်မှီသော ကုန်ပစ္စည်းများဖြင့် အစားထိုးရမည်။

### ပါဝါကြိုးနှင့် ပလတ်ခေါင်းအား အောက်ဖော်ပြပါအချက်များ အတိုင်း လိုက်နာဆောင်ရွက်ပါ။

(မီးဘေးအန္တရာယ်နှင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှ ကာကွယ်ရန်)

- ဤစက်ပစ္စည်းတစ်ခုတည်းအတွက် လိုအပ်သောအဆင့်သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ပလတ်ပေါက်တစ်ခုကိုသာ အသုံးပြုပါ။ တွဲဆက်မီးခေါင်း adaptor နှင့် extension ကြိုး မသုံးပါနှင့်။
- ပလတ်ပေါက်ထဲသို့ ပါဝါပလတ်ကို အဆုံးထိရောက်အောက် တပ်ဆင်အသုံးပြုပါ။
- ပါဝါပလတ်ကို အခါအားလျော်စွာ ခြောက်သွေ့သော အဝတ်စဖြင့် သန့်ရှင်းပေးပါ။ (တင်ကျန်လာသော ဖုန်မှုန့်များသည် အစိုဓာတ်ကို စုဆည်းပေးပြီး လျှပ်ကူးမှု ကာကွယ်ပေးခြင်းကို ပျက်ကွက်စေကာ မီးလောက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်)
- သန့်ရှင်းရေးမပြုလုပ်မီ ပါဝါကြိုးကို ဖြုတ်ထားပါ။

### စက်ပစ္စည်းအား သင်ကိုယ်တိုင် ဖြုတ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း လုံးဝမပြုလုပ်ရ

- စက်ချို့ယွင်းပျက်ကွက်မှုတစ်စုံတစ်ရာဖြစ်ပါက အသုံးပြုခြင်းကို ချက်ချင်းရပ်တန့်ပြီး ပါဝါကြိုးကို ဖြုတ်လိုက်ပါ။ ပြုပြင်ရန်အတွက် အနီးဆုံး ဝန်ဆောင်မှုစင်တာကို ဆက်သွယ်မေးမြန်းပါ။

### ကလေးများ ကိုယ်တိုင်အသုံးပြုခြင်းကို ခွင့်မပြုပါနှင့်။

- ဤစက်ပစ္စည်းကို ကလေးများအပါအဝင် ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်း အားနည်းသောသူများ သို့မဟုတ် အတွေ့အကြုံနှင့် အသုံးပြုပုံမသိရှိသေးသောသူများ၏ ဘေးကင်းမှုအတွက် တာဝန်ရှိသူတစ်ဦးမှ ညွှန်ကြားချက် သို့မဟုတ် ကြီးကြပ်ပေးမှုမပါပဲ အသုံးမပြုပါစေနှင့်။
- စက်ပစ္စည်းကို ကလေးများ ဆော့ကစားခြင်းမပြုစေရန် ကြီးကြပ်ပေးရမည်။

### စက်ပစ္စည်းကို မီးနှင့်အဝေးတွင် ထားရှိပါ။ မီးလောင်လွယ်သောပစ္စည်းများ သို့မဟုတ် အဝတ်များကို စည်ပိုင်းတွင် မထည့်ပါနှင့်။ စက်ပစ္စည်းနှင့် အဝေးတွင် ထားရှိပါ။

(မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်းမှ ကာကွယ်ရန်)

- ဥပမာ – ရေနံဆီ၊ ဓာတ်ဆီ၊ အရက်ပျံ၊ သင်နာ၊ အရက် စသည်ဖြင့်။

### လုံးဝရပ်တန့်မသွားမီ စည်ပိုင်းကို မထိပါနှင့်။

(ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)

- စည်ပိုင်းလှည့်သည့် လုပ်ငန်းစဉ်အတွင်း အဖုံးပွင့်နေပြီး ၁၅ စက္ကန့် အတွင်း ရပ်တန့်မသွားပါက စက်ပစ္စည်းကို ချက်ချင်းပိတ်လိုက်ပါ။ ဝန်ဆောင်မှုပေးသူအား ဆက်သွယ်မေးမြန်းပါ။

### မြေစိုက်ကြိုးတပ်ဆင်ပါ။

(လျှပ်စီးပတ်လမ်းမှ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ကာကွယ်ရန်)

- မြေစိုက်ကြိုးတပ်ဆင်နိုင်ရန် ဝန်ဆောင်မှုပေးသူအား ဆက်သွယ်မေးမြန်းပါ။
- ၂-ပင် ပါဝါကြိုးဖြစ်နေပါက မြေစိုက်ကြိုးငုတ်တည်ဆောက်ပါ။

### သံလိုက်များနှင့် သံလိုက်ဓာတ်ပါသောဝတ္ထုပစ္စည်းများကို စက်လည်ပတ်မှု ထိန်းချုပ်ဘောင်ကွက်နှင့် အဝေးတွင် ထားရှိပါ။

- အဖုံးပွင့်နေပင်လျှင် စည်ပိုင်းလှည့်နေမည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိစေနိုင်ပါသည်။

# အစိတ်အပိုင်းအမည်များ

## ⚠ CAUTION



**ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် စက်ပစ္စည်းပျက်စီးစေခြင်း ဖြစ်ပေါ်စေနိုင်သည်။**

### ရေစိုခံအိပ်ရာခင်းများ သို့မဟုတ် အဝတ်အထည်များကို လျှော်ဖွတ်ဆေးခြင်း မပြုပါနှင့်။

(စက်လှည့်နေစဉ်အတွင်း စက်ပစ္စည်း အလွန်အမင်းလူးလာဆန်ခတ် လှုပ်ရှားနေလျှင် အဓိကယူနစ်၊ နံရံများ၊ အောက်ခံကြမ်းခင်း သို့မဟုတ် ဗီဒိုခန်းအား ထိခိုက်ပျက်စီးစေခြင်း၊ ရေယိုစိမ့်မှုဖြစ်ခြင်းမှ ကာကွယ်ရန်)

- မိုးကာအကျီ၊ ရော်ဘာအကျီ စသည်ဖြင့်။


### အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။


- စက်ပစ္စည်းနှင့်အတူ ရေပိုက်အစုံ ထောက်ပံ့ရေးပစ္စည်းသစ်များကို အသုံးပြုပြီး ရေပိုက်အစုံအဟောင်းကို အသုံးမပြုပါနှင့်။
- အဖုံးအဖွင့်၊ အပိတ်ပြုလုပ်ချိန်တွင် လက်မညှပ်မိစေရန် သတိပြုပါ။
- သင့်လက်နှင့် ခြေထောက်များကို အဓိကယူနစ်အောက်တွင် မထည့်ပါနှင့်။ (လည်ပတ်နေသော အစိတ်အပိုင်းများအားဖြင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)
- စက်ပစ္စည်းပေါ်တက်ခြင်း သို့မဟုတ် လေးလံသောပစ္စည်းများ တင်ထားခြင်း မပြုပါနှင့်။ (ရုပ်ပျက်ခြင်းနှင့် ကျိုးပဲ့ပျက်စီးခြင်းအားဖြင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)
- အဖုံးကျိုးပဲ့ပျက်စီးနေပါက စက်ပစ္စည်းအား အသုံးပြုခြင်းမှ ချက်ချင်း ရပ်တန့်ပါ။ (ရုပ်ပျက်ခြင်းနှင့် ကျိုးပဲ့ပျက်စီးခြင်းအားဖြင့် ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန်)
- ရေပူပေးဝေမှုစနစ်နှင့် ချိတ်ဆက်အသုံးပြုခြင်း မပြုရ။
- စည်ပိုင်းထဲသို့ ၅၀ ဒီဂရီ သို့မဟုတ် ယင်းအထက် အပူပေးထားသော ရေအား လောင်းထည့်ခြင်း မပြုရ။
- အောက်ခြေရှိ အဖွင့်များကို ကော်ဇောဖြင့် ပိတ်မထားပါနှင့်။

### အသုံးပြုပြီး ရေဘုံပိုင်ခေါင်းကို ပိတ်ထားပေးပါ။

(ရေယိုစိမ့်ခြင်းမှ ကာကွယ်ရန်)

### ဤစက်ပစ္စည်းသည် washing machine washable အညွှန်းကပ်ထားသည့် အဝတ်အထည်များအတွက်သာ သင့်လျော်သည်။








## ဆက်စပ်ပစ္စည်းများ


† ရေပေးဝေပိုက်(၁)*(P. 13)

* ထောက်ပံ့သည့်ရေပိုက်သည် ယူနစ်ရောင်းချသော နိုင်ငံများပေါ်မူတည်သည်။

(အဆက်အမျိုးအစား) ဝက်အူအမျိုးအစား




or




- အလျား – ၁.၀ မီတာ
- အလျား – ၁.၀ မီတာ

† ပြင်ပရေဆိုး ထုတ်ပိုက် (၁)
(P. 12)




† ရေဘုံပိုက်ခေါင်း adaptor* (1)
(P. 13)



† အောက်ခြေအဖုံး (၁)
(P. 12)

† ဝက်အူ (၁)
(P. 12)





* အဆက်အမျိုးအစားအတွက်သာ

# စက်လည်ပတ်မှုထိန်းချုပ်ဘောင်ကွက်

### ရေချိန်/ဆပ်ပြာပမာဏ

ရေချိန်အလိုက် ထည့်ရမည့် ဆပ်ပြာပမာဏ ညွှန်ကြားချက်ကို အောက်တွင်ဖော်ပြထားသည်။

(☗ ဆပ်ပြာ တစ်ဇေါ်စာ)




### ရေချိန်/ကျန်ရှိသောအချိန်




ရွေးချယ်ထားသော ပရိုဂရမ်ကို ဖော်ပြသည် (No.)




စတင်လည်ပတ်ပြီးနောက် လျှော်ဖွတ်မည့်အဝတ်အစားပမာဏအလျောက် ရေချိန်ကို ဖော်ပြသည်။





၅ စက္ကန့်ခန့်ကြာပြီးနောက် ခန့်မှန်းခြေကျန်ရှိသော အချိန် (မိနစ်) ကို ဖော်ပြသည်။

### အလိုအလျောက် ပြန်လည်စတင်အချက်ပြမီး

စက်လည်ပတ်နေစဉ် ပါဝါပြတ်တောက်ခြင်းဖြစ်ပေါ်ပါက ရပ်တန့်သွားသော နေရာမှ ပါဝါပြန်လည်ရရှိချိန်တွင် လည်ပတ်မှုကို ပြန်လည်စတင်ပေးပါသည်။

- Operation panel of NA-F80VB7




လျှော်ဖွတ်/ရေကျင်း/လှည့် (P. 9)

ပရိုဂရမ်ရွေးချယ်ခြင်း (P. 5)

စတင်သည်/ရပ်သည်

ကလေးများမှ ကာကွယ်အချက်ပြမီး (P. 10)

### ရေချိန်ပြောင်းလဲသတ်မှတ်ခြင်း

စက်လည်ပတ်နေစဉ် "water level" ကိုနှိပ်ပြီး ရေချိန်ပြောင်းလဲသတ်မှတ်ပါ။

- ပရိုဂရမ်ပေါ်မူတည်ပြီး အချို့ရေချိန်ကို ရွေးချယ်၍မရနိုင်ပါ။
- ကျန်ရှိသောအချိန်ကို ပြသထားသောအခါ ရေချိန်ကို စစ်ဆေးရန် "water level" ကို နှိပ်ပါ။

### ကြိုတင်သတ်မှတ်ခြင်း

လျှော်ဖွတ်ခြင်း ပြီးမြောက်မည့် အချိန်ကို သတ်မှတ်ပေးထားပါ။ (နာရီ)





ဥပမာ) ၈နာရီအကြာ

- ချိန်ညှိမှုအမျိုးမျိုး - ၂ - ၂၄ နာရီအကြာတွင် တစ်နာရီတိုး။ ( 6 Soak and Super Clean Program အတွက် ၃ - ၂၄ နာရီအကြာ၊
- အောက်ဖော်ပြပါ ပရိုဂရမ်များအတွက် အသုံးမပြုနိုင်ပါ -
  2 နူးညံ့သော
  4 မွှေးရန်
  9 လေမှုတ်အခြောက်ခံခြင်း
  10 စည်ပိုင်းသန့်ရှင်းရေး

### ပါဝါအဖွင့်/အပိတ်

ပါဝါဖွင့်ပြီး ၁၀ မိနစ်အတွင်း "Start"/"Pause" ကို မနှိပ်လျှင် အလိုအလျောက် ပါဝါပိတ်သွားသည်။

# ညွှန်ကြားချက်(ပရိုဂရမ်)အမျိုးမျိုး

| ရည်ရွယ်ချက် | | Program | အများဆုံးဆန့်သောပမာဏ NA-F80VB7 | NA-F75S7 | NA-F70S7 |
|---|---|---|---|---|---|
| နေ့စဉ်ဝတ်ဆင်သော အဝတ်အထည်များ  | နေ့စဉ်လျှော်ဖွတ်ခြင်း | 1 ပုံမှန် (P. 7) | 8.0 kg | 7.5 kg | 7.0 kg |
| နူးညံ့သော အဝတ်အထည်များ  | နူးညံ့သော အဝတ်အထည်များကို ညင်သာစွာလျှော်ဖွတ်ခြင်း | 2 နူးညံ့သော (P. 8) | 3.5 kg | 3.5 kg | 3.5 kg |
| ကလေးငယ်များနှင့် အထိခိုက်မခံသော အသားအရေရှိသူများအတွက် အဝတ်အထည်များ | နှိုက်နှိုက်ချွတ်ချွတ် ဆေးကြောခြင်း | 3 ကလေးစောင့်ရှောက်မှု (P. 7) | 8.0 kg | 7.5 kg | 7.0 kg |
| အထူးပျော့ဆေးအသုံးပြုခြင်း | ပိုမိုပြင်းထန်သောရနံ့ | 4 မွှေးရနံ့ (P. 7) | 8.0 kg | 7.5 kg | 7.0 kg |
| စောင်များ  | | 5 စောင် (P. 8) | 4.2 kg | 4.2 kg | 4.2 kg |
| ချေးများသော အဝတ်အထည်များ | လျှော်ဖွတ်ရန် ကြိုတင်ရေစိမ်ထားခြင်း | 6 ရေစိမ်သည် (P. 7) | 8.0 kg | 7.5 kg | 7.0 kg |
| စွမ်းအင်နှင့် အချိန်ချွေတာခြင်း<br>* 1 Normal ပရိုဂရမ်၏စွမ်းအင်သုံးစွဲမှုကို ၅ ရာခိုင်နှုန်း လျှော့ချပေးသည်။ | အညစ်အကြေးအနည်းငယ်ကို လျင်မြန်စွာလျှော်ဖွတ်ခြင်း | 7 စွမ်းအင်ချွေတာခြင်း (လျင်မြန်သော) (P. 7) | 8.0 kg | 7.5 kg | 7.0 kg |
| ရေချွေတာသုံးခြင်း<br>* နှိုက်နှိုက်ချွတ်ချွတ်ဆေးကြောသန့်စင်ရန် 1 Normal သို့မဟုတ် 3 Baby-care ပရိုဂရမ်ကိုအသုံးပြုပါ | | 8 ရေချွေတာခြင်း (P. 7) | 8.0 kg | 7.5 kg | 7.0 kg |
| စည်ပိုင်းသန့်ရှင်းရေး | အနက်ရောင် မှိုဆွဲခြင်းနှင့် အနံ့ဆိုးမှ ကာကွယ်ခြင်း | 9 လေမှုတ်အခြောက်ခံခြင်း (P. 9)<br>10 စည်ပိုင်းသန့်ရှင်းရေး (P. 11) | — | — | — |
| | အနက်ရောင်မှိုနှင့် အနံ့ဆိုးများရှိနေလျှင် | 10 စည်ပိုင်းသန့်ရှင်းရေး (P. 11) | — | — | — |
| ဒြပ်ဖိုင်ဘာ အဝတ်အထည်များ အခြောက်ခံခြင်း | | 9 လေမှုတ်အခြောက်ခံခြင်း (P. 9) | 2.0 kg | 2.0 kg | 2.0 kg |

မှတ်ချက်
- 1 ဤအဝတ်လျှော်စက်၏ သတ်မှတ်ထားသောစွမ်းရည်တွင် သာမန်ညစ်ပေသောအဝတ်အစားများအတွက် ပုံမှန်ပရိုဂရမ်နှင့် 8 ရေချွေတာရေးပရိုဂရမ်ကို အကြံပြုသည်။
- စက်ဘ်ပူနိုင်ငံအတွက် 8 ရေချွေတာရေးပရိုဂရမ်ကို အကြံပြုသည်။

## အဝတ်အစားပြင်ဆင်ခြင်းနှင့် စစ်ဆေးခြင်း

အလွယ်တကူ အရောင်ကျွတ်သော အဝတ်အစားများအတွက် **သီးသန့်လျှော်ဖွတ်ပါ။**



**အဝတ်မလျှော်ဖွတ်မီ စစ်ဆေးပါ။**

**အဝတ်အထည်များ ပျက်စီးခြင်း၊ စက်ချွတ်ယွင်းခြင်းနှင့် ရေနုတ်ခြင်းစနစ် ပျက်ကွက်ခြင်းမှ ကာကွယ်ရန်**

- အကြွေစေ့များ၊ တွယ်အပ်များ၊ စက္ကူညှပ်များ၊ လက်သည်းညှပ်များ စသည်တို့ကို ဖယ်ရှားပါ။
- ကြယ်သီးများကို တပ်ဆင်ထားပြီး ဇစ်ကြိုးများကို ပိတ်ထားပါ။
- အဝတ်လျှော်ဖွတ်ခြင်းမှလွဲ၍ (စက္ကူအနီး ကဲ့သို့) ပစ္စည်းများကို မလျှော်ဖွတ်ပါနှင့်။
- အလွှာကွာကျစေနိုင်သည့် မျက်နှာပြင်နှင့် အဝတ်များကို ပြောင်းပြန်လှန်ထားပါ။
- တိရိစ္ဆာန်မွေး၊ ဆံပင်နှင့် သဲ စသည်တို့ကို ဖယ်ရှားရန် စုတ်တံကိုသုံးပါ။
- ကြိုးများ စသည်တို့ကို ချည်ထားပါ။


နူးညံ့သော အတွင်းခံအဝတ်အစားများအတွက်သာလျှင် **အဝတ်လျှော်ပိုက်ကွန်များကို အသုံးပြုပါ။**

- အတွင်းကြေးကြိုးပါသော ဘရာစီယာများ
- ဇာထည်များ၊ အမျိုးသမီးအတွင်းခံနှင့် ခြေအိတ်ရှည်များအတွက် ပိုက်ကွန်ကိုအသုံးပြုပါ။
- တင်းကြပ်အောင် ထုပ်ပိုးမထားပါနှင့်။
- ဇစ်ကြိုး၏ slider ကို အဖုံးထဲထည့်ထားပါ။ (အဝတ်အစားနှင့် အဓိကယူနစ် ပျက်စီးခြင်းမှ ကာကွယ်ရန်)
- 9 Air Dry ပရိုဂရမ်ကို အသုံးမပြုပါနှင့်။ ( မညီမညာခြောက်သွေ့ခြင်းနှင့် အရေးအကြောင်းများမှ ကာကွယ်ရန်)

# ချေးချွတ်ဆေး(ဆပ်ပြာမှုန့်)

**ပြသထားသည့် ရေချိန်နှင့်အညီ ဆပ်ပြာ၊ ချွတ်ဆေးနှင့် ပျော့ဆေးကိုထည့်ပါ။**


- အထုတ်တစ်ခုစီ၏ ညွှန်ကြားချက်များကို လိုက်နာပါ။




- ပျော့ဆေးဝင်ပေါက်ထဲသို့ ထည့်ရန်ခက်ခဲပါက စည်ပိုင်းကို လက်ဖြင့် လှည့်ပါ။ (P. 10)

## ဆပ်ပြာမှုန့်ထည့်ခြင်း

- အကယ်၍ ဆပ်ပြာမှုန့်များသည် ပျော်ဝင်မှုအားနည်းပါက ရေနွေးတွင် ပျော်ဝင်စေပြီးမှ ဆပ်ပြာကိုထည့်ပါ။




• အခဲဖြစ်ခြင်း သို့မဟုတ် အမှုန့်အဖြစ် ကျန်ရှိခြင်းမဖြစ်စေရန် ဆပ်ပြာကို နည်းနည်းချင်းထည့်၍ မွှေပေးပါ။


- စည်ပိုင်းထဲတွင် ထူသော သို့မဟုတ် ကြီးသောအဝတ်အစားများ (ဂျင်းဘောင်းဘီ၊ အိပ်ရာခင်းများ စသည်) ထည့်ထားလျှင် ဆပ်ပြာအရည် မပျော်ဝင်ပဲ ကျန်ရှိနေနိုင်သည်။ အထက်ပါနည်းလမ်းအတိုင်း ဆပ်ပြာကို ပျော်ဝင်အောင်လုပ်ပါ သို့မဟုတ် အဝတ်အစားပမာဏကို လျှော့ချပါ။
- အမြှုပ် အလွန်အကျွံများသည့်အခါ ဆပ်ပြာပမာဏကို လျှော့ထည့်ပါ သို့မဟုတ် ဆပ်ပြာပြောင်းလဲ အသုံးပြုပါ။

## ချွတ်ဆေးထည့်ခြင်း

- အရောင်ကျွတ်ခြင်းကို ကာကွယ်ရန် အရောင်ရှိသော အဝတ်အစားများအတွက် ကလိုရင်းအရောင်ချွတ်ဆေးကို အသုံးမပြုပါနှင့်။
- ကလိုရင်းအရောင်ချွတ်ဆေးကို အသုံးပြုပါက စည်ပိုင်းကို ချွတ်ဆေးမပါပဲ 10 Tub Hygiene ပရိုဂရမ်ဖြင့် ဆေးကြောပေးပါ။ (P. 11)
- 2 Delicate ပရိုဂရမ်အတွက် ချွတ်ဆေးကို အသုံးမပြုပါနှင့်။

## ပျော့ဆေးထည့်ခြင်း

- ပျော့ဆေးကို နောက်ဆုံးဆေးကြောသည့်အဆင့်တွင် အလိုအလျောက်ထွက်လာစေသည်။
- စက်လည်ပတ်နေစဉ်အတွင်း ပျော့ဆေးကိုထည့်ရန် ဦးဆုံး "Pause" ကိုနှိပ်ပါ။
- ၇၀ မီလီမီတာအထိ ထည့်နိုင်သည်။ ပျော့ဆေးပိုမိုထည့်နိုင်ရန် 4 Fragrance ပရိုဂရမ်ကို အသုံးပြုပါ။
- ပျော့ဆေးထည့်ပြီးနောက် အဖုံးကို လုံအောင်ပြန်ပိတ်ပါ။
- ပျစ်သော ပျော့ဆေးကို အသုံးပြုသည့်အခါ ယင်းကို မထည့်မီ ရေနှင့်ရောစပ်ပေးပါ။




**မှတ်ချက်**


- ပျော့ဆေးကို 8 Water Save ပရိုဂရမ်ဖြင့် အသုံးမပြုနိုင်ပါ။
- သီးခြား သို့မဟုတ် အေးခဲနေသော ပျော့ဆေးများကို အသုံးမပြုပါနှင့်။
- အကယ်၍ စက်လှည့်နေစဉ်အတွင်း "Pause" ကိုနှိပ်ပါက ပျော့ဆေးကို စောလွန်းစွာ ထည့်မိပြီး ယင်း၏ထိရောက်မှုကို လျော့ကျသွားလိမ့်မည်။
- ဆေးကြောခြင်းပြီးဆုံးသည့်အချိန်တွင် မထည့်ပါက ပျော့ဆေးကို အလိုအလျောက်ထည့်ပေးလိမ့်မည်မဟုတ်ပါ။

# လျှော်ဖွတ်ခြင်း

## ကြိုတင်ပြင်ဆင်ခြင်း

- အဝတ်လျှော်စက်ကို စနစ်တကျတင်ဆင်ထားခြင်းရှိမရှိ စစ်ဆေးပါ။ (P. 12)
- ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါ။

• NA-F80VB7 ၏စက်လည်ပတ်မှု ထိန်းချုပ်ဘောင်ကွက်




**1** အဝတ်အစားများထည့်ပြီးနောက်

On / Off **ပါဝါဖွင့်ပါ**

**2** Program **ပရိုဂရမ်တစ်ခုရွေးချယ်ပါ။ (P. 5)**

ဥပမာ) [1] ပုံမှန်ပရိုဂရမ်

■ အချိန်ကြိုတင်သတ်မှတ်ခြင်း

**3** Start / Pause **စတင်သည်။**

ရေမပါပဲ Pulsator လည်ပတ်ပြီး
လျှော်ဖွတ်မည့်ပမာဏကို တိုင်းတာသည်
(ခန့်မှန်းခြေ ၅ စက္ကန့်)

▼

ရေချိန်ညွှန်ပြချက် (ခန့်မှန်းခြေ ၅ စက္ကန့်)

▼

ရေကို စတင်ပေးဝေသည်။

▼

ကျန်ရှိသောအချိန် ညွှန်ပြချက်
- ရေချိန်ကို စစ်ဆေးရန်
  → "Water Level" ကိုနှိပ်ပါ။
- ပရိုဂရမ်ကို စစ်ဆေးရန်
  → "Program" ကိုနှိပ်ပါ။

**4** ရေချိန်ညွှန်ပြချက်အတိုင်း
**ဆပ်ပြာထည့်ပါ။**

**5** **အဖုံးကို ပိတ်ပါ။**

တတီတီအချက်ပေးသံများဖြင့် လည်ပတ်မှုကို
အဆုံးသတ်သည်။


### နာရီမည်မျှအကြာတွင် လည်ပတ်မှုကို ပြီးဆုံးရန် သတ်မှတ်ပါ။ (P. 4)

Preset (Hours)

- စတင်ပြီး ၂ မိနစ်အကြာတွင် "Preset" မှအပ အချက်ပြခြင်း အားလုံး ပိတ်သွားမည်။
- **Timer ကိုသတ်မှတ်ပြီးသည့်နောက် အတည်ပြုရန်** "Preset" ကိုနှိပ်ပါ။
- ပယ်ဖျက်ရန် သို့မဟုတ် ပြောင်းလဲရန် "On/Off" ကိုနှိပ်ပါ။
- ပရိုဂရမ်ပေါ်မူတည်ပြီး နာရီကို ကွဲပြားခြားနားစွာ သတ်မှတ်နိုင်သည်။

### [4] Fragrance ပရိုဂရမ်ကို ရွေးချယ်သည့်အခါ

နောက်ဆုံးဆေးကြောခြင်းမတိုင်မီ တတီတီမြည်သံနှင့် လည်ပတ်မှုခေတ္တဆိုင်းငံ့ထားသည်။ ရေနှင့် ရောစပ်ထားပြီးသော ပျော့ဆေးကို မိမိစိတ်ကြိုက်ပမာဏအလျောက် စည်ပိုင်းထဲသို့ တိုက်ရိုက်ထည့်ပါ။





- အကယ်၍ အဖုံးကိုပိတ်ထားလျှင် ၁ နာရီအထိ ၁၀ မိနစ်တိုင်း တတီတီမြည်နေမည်။
- အဖုံးကို ၁ နာရီထက်ကြာအောင် ပိတ်ထားလျှင် လည်ပတ်မှု ပြန်လည်စတင်သည်။
- Child Lock ကိုသတ်မှတ်ထားလျှင် [4] Fragrance ပရိုဂရမ်ကို ရွေးချယ်၍ မရနိုင်ပါ။ (P. 10)

■ "Start" ကိုနှိပ်ပြီးနောက်

- လျှော်ဖွတ်ခြင်းလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ရေချိန်ကို ပြောင်းလဲနိုင်သည်။
- ပရိုဂရမ်ကို ပြောင်းလဲ၍မရပါ။

# လျှော်ဖွတ်ရန်ရွေးချယ်မှုများ

- NA-F80VB7 ၏စက်လည်ပတ်မှု ထိန်းချုပ်ဘောင်ကွက်





လုပ်ငန်းစဉ်ဆက်တင်များကို ပြောင်းလဲခြင်း

ပရိုဂရမ်တစ်ခု ရွေးချယ်ခြင်း

## နူးညံ့သော

ဤပရိုဂရမ်ကို နူးညံ့သောအဝတ်အစားများနှင့် စတိုင်ကျသော အဝတ်အထည်များကို ညင်သာစွာလျှော်ဖွတ်ရန် အသုံးပြုပါ။



အဝတ်အစားများကို ညီညီညာညာထည့်ပါ။
- ပထမဦးဆုံး ပိုမိုပေါ့ပါးသော အဝတ်အစားများကိုထည့်ပြီး အပေါ်မှဖိပေးပါ။
- အဝတ်လျှော်ပိုက်ကွန်ကို နူးညံ့သော အတွင်းခံအတွက်သာ အသုံးပြုပါ။
- တစ်ကြိမ်တွင် လျှော်ဖွတ်နိုင်သော ပမာဏ –


| | |
|---|---|
| ၄၂ လီတာ | ၃.၅ကီလိုဂရမ် |
| ၄၇ လီတာ | ၂.၀ ကီလိုဂရမ် |

မှတ်ချက်
- ချွတ်ဆေး အသုံးမပြုပါနှင့်။
- နူးညံ့သောဆပ်ပြာရည်ကို အသုံးပြုပါ။
- စက်လည်ပတ်ပြီးပါက အဝတ်အစားများကို ချက်ချင်းထုတ်ယူပါ။ (အရေးအကြောင်းများနှင့် အရောင်စွန်းခြင်းမှ ကာကွယ်ရန်)

## စောင်

■ လျှော်ဖွတ်နိုင်သော စောင်များ
- အထည်ပစ္စည်း – ၁၀၀ ရာခိုင်နှုန်း ဒြပ်ဖိုင်ဘာ သို့မဟုတ် ၁၀၀ ရာခိုင်နှုန်း ချည်ထည်
- အလေးချိန် – ၄.၂ ကီလိုဂရမ် နှင့် အောက်
- စက်ဖြင့်လျှော်ဖွတ်နိုင်သော အညွှန်းပါစောင်များ
- စောင်ကို ပိုက်ကွန်ထဲထည့်ပြီး စည်ပိုင်းထဲတွင် ထည့်ပါ။

လိမ့်ထည့်ပါ



- ဖစ်အပိုင်းကို အပေါ်မော့ထားသင့်သည်။ (ပိုက်ကွန်ကို ပျက်စီးခြင်းမှ ကာကွယ်ရန်)

မှတ်ချက်
- ဆပ်ပြာရည်ကို အသုံးပြုပါ။
- ရေချိန်ညွှန်ပြချက်သည် အများဆုံးရေချိန်ကို ပြသပြီး ပြောင်းလဲ၍မရပါ။

## လေမှုတ်အခြောက်ခံခြင်း

စည်ပိုင်းလှည့်ခြင်းမှ လေမှုတ်ခြင်းဖြင့် အဝတ်အစားများမှ ရေများကို ဖယ်ရှားပေးသည်။

■ **အခြောက်ခံနိုင်သော အဝတ်အစားများ**

- အထည်ပစ္စည်း - ဒြပ်ဖိုင်ဘာ
- အလေးချိန် - ၂ ကီလိုဂရမ် နှင့် အောက်

**1** အဝတ်အစားများထည့်၍ အဖုံးကိုပိတ်ပြီးနောက်

On/Off **ပါဝါကို ဖွင့်ပါ**

**2** Program **9 လေမှုတ်အခြောက်ခံ ပရိုဂရမ်ကို ရွေးချယ်ပါ။**

**3** Start/Pause **စတင်သည်**

မိနစ် ၉၀ ကြာပြီးနောက် တတီတီ မြည်သံများဖြင့် အခြောက်ခံခြင်းပြီးဆုံးသည်။

မှတ်ချက်

- အဝတ်အစားပမာဏနှင့်အမျိုးအစား၊ အပူချိန်နှင့်အဝတ်လျှော်စက်၏ တပ်ဆင်မှုအခြေအနေပေါ်မူတည်ပြီး အဝတ်အစားလုံလောက်စွာ မခြောက်သွေ့နိုင်ပါ။
- ဤလုပ်ဆောင်မှုအတွက် အပူပေးစက်ကို အသုံးမပြုထားသောကြောင့် အဝတ်အစားများသည် အေးပြီး တစ်ဝက်ခြောက်သွေ့နေသည်ကို ခံစားရမည်။

## လျှော်ဖွတ်သည်/ရေကျင်းသည်/လှည့်သည်

**ကြိုတင်ပြင်ဆင်ခြင်း - ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါ။**

**1** အဝတ်အစားများထည့်ပြီးနောက်

On/Off **ပါဝါကို ဖွင့်ပါ**

**2** Process မိမိရည်ရွယ်ချက်အတိုင်း **လုပ်ငန်းစဉ်ဆက်တင်များကို ပြောင်းပါ။**

- လိုအပ်သလို ရေချိန်ကို ပြောင်းလဲပါ။
- ရေကျင်းခြင်းလုပ်ငန်းစဉ်တစ်ခုတည်းကိုသာ ရွေးချယ်၍ မရနိုင်ပါ။

**3** အဖုံးပိတ်ပြီးနောက်

Start/Pause **စတင်သည်**

တတီတီမြည်သံများဖြင့် လည်ပတ်မှုကို အဆုံးသတ်သည်။

## ပရိုဂရမ် မာတိကာ

| ပရိုဂရမ် | အချိန်စုစုပေါင်း (ခန့်မှန်းခြေ) | လျှော်ဖွတ်သည် | ရေကျင်းသည် | လှည့်သည် |
|---|---|---|---|---|
| 1 ပုံမှန် | 55 min | 14 min | နှစ်ကြိမ် | 4 min |
| 2 နူးညံ့သော | 35 min | 3 min | နှစ်ကြိမ် | 1 min |
| 3 ကလေးစောင့်ရှောက်မှု | 50 min | 8 min | နှစ်ကြိမ် | 4 min |
| 4 မွှေးရနံ့ | 70 min | 12 min | နှစ်ကြိမ် | 5 min |
| 5 စောင် | 60 min | 12 min | နှစ်ကြိမ် | 5 min |
| 6 ရေစိမ်သည် | 120 min 1) | 84 min 2) | နှစ်ကြိမ် | 4 min |
| 7 လျင်မြန်သော (လျင်မြန်သော) | 45 min | 12 min | နှစ်ကြိမ် | 4 min |
| 8 ရေချွေတာခြင်း | 50 min | 12 min | နှစ်ကြိမ် | 5 min |
| 10 စည်ပိုင်းသန့်ရှင်းရေး | 135 min 1) | 63 min | နှစ်ကြိမ် | 30 min |

မှတ်ချက်

- **စုစုပေါင်းအချိန်သည် ခန့်မှန်းခြေဖြစ်သည်။ (ရေပေးဝေမှုနှုန်းသည် ၁၅ လီတာ။ အနည်းဆုံးဖြစ်သည့် အခါ)**
- ရေဖိအားနည်းခြင်း၊ ရေဆိုးထုတ်မှု ဆိုးဝါးသည့်အခြေအနေနှင့် အဝတ်အစားပမာဏနှင့်အမျိုးအစားပေါ်မူတည်၍ စုစုပေါင်းအချိန် တိုးလာနိုင်သည်။

၁) ဤတွင် ရေစိမ်သောအချိန်နှင့် လျှော်ဖွတ်သောအချိန်ပါဝင်သည်။

- - → 90

၂) မိနစ် ၉၀ သို့မဟုတ် ထိုထက်နည်းသောအချိန်ကို ပြသလိမ့်မည်။

# အဆင်ပြေလုပ်ဆောင်ချက်များ

## တတီတီမြည်သံကို ပယ်ဖျက်ခြင်း

**1** Start/Pause နှိပ်ထားပါ

On/Off နှိပ်ပါ

**ပြီးနောက် ၃ စက္ကန့်အကြာ ဖိနှိပ်ထားပါ။** (တတီတီမြည်သံ ၂ ချက်)

- ပြန်လည်စတင်ရန် တူညီသည့်လုပ်ထုံးလုပ်နည်း အတိုင်း လုပ်ဆောင်ပါ။ (တတီတီမြည်သံ ၄ ချက်)

## Child Lock ဆက်တင်

ကလေးများအား စည်ပိုင်းထဲသို့ ကျခြင်းနှင့်ရေနစ်ခြင်းမှ ကာကွယ်ရန် အတွက် အဝတ်လျှော်စက်လည်ပတ်နေစဉ်တွင် အဖုံးပွင့်နေပါက ဤလုပ်ဆောင်မှုသည် အဖုံးပိတ်လိုက်သည်အထိ တတီတီမြည်နေ လိမ့်မည်။ ၁၀ စက္ကန့်အတွင်း မပိတ်ပါက ရေများအပြင်သို့ လွင့်စင်လာမည်။

- ဤလုပ်ဆောင်ချက်သည် အဖုံးနှင့် ခလုတ်လည်ပတ်မှုများကို သော့ခတ်မထားပါ။
- ရေကို အတင်းအကျပ်ညှစ်ထုတ်သောအခါ "U99" ကိုပြသည်။ (P. 15)

**1** အဖုံးပိတ်ပြီးနောက်

On/Off **ပါဝါဖွင့်ပါ။**

**2** Program **၅ စက္ကန့်အကြာ ဖိနှိပ်ထားပါ။** (တတီတီမြည်သံ ၂ ချက်)

(၅ စက္ကန့်ဖိထားပါ) CL

- ပယ်ဖျက်ရန် တူညီသည့်လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ဆောင်ပါ။ (တတီတီမြည်သံ ၂ ချက်)

## စည်ပိုင်းကို လက်ဖြင့်လှည့်ခြင်း


ပျော့ဆေး သို့မဟုတ် ချွတ်ဆေးဝင်ပေါက်ကို လက်လှမ်းမီရန် ခက်ခဲပါက

**1** On/Off **ပါဝါဖွင့်ပါ။**

**2** နှိပ်လိုက်သည့်အသံကြားပါက

**စည်ပိုင်းကိုလှည့်ပါ။**

(လက်ယာရစ်ဖြင့်သာ)




**မှတ်ချက်**

- စည်ပိုင်းထဲတွင် ရေရှိလျှင် သို့မဟုတ် "Start" ကိုနှိပ်ထားလျှင် စည်ပိုင်းကို လှည့်၍မရပါ။


# ပြုပြင်ထိန်းသိမ်းခြင်း

## ရေစစ်စ


### လည်ပတ်မှု တစ်ခုပြီးတိုင်း





**1** **ရေစစ်စကို ဖယ်ရှားလိုက်ပါ**




**2** **ရေစစ်ကိုဖွင့်ပြီး အစကို ဖယ်ရှားလိုက်ပါ။**



- အစကို ဖယ်ရှားရန်ခက်ခဲနေပါက ရေစစ်ကို ရေတွင်နှစ်ပြီး ဆေးကြောပါ။



**3** **မူလနေရာတွင် ပြန်လည်တပ်ဆင်ပါ။**





**မှတ်ချက်**

- အဝတ်အစားများကို ရေစစ်မပါပဲ လျှော်ဖွတ်ခြင်းမပြုပါနှင့်။ (အဝတ်အစားများ ပျက်စီးခြင်းမှကာကွယ်ရန်)
- ရေစစ်ကို ဖယ်ရှားရန် ခက်ခဲနေလျှင် စည်ပိုင်းကို လက်ဖြင့်လှည့်ပါ။
- ရေစစ်ပျက်စီးနေလျှင် နီးစပ်ရာ Panasonic Service Centre တွင် အသစ်တစ်ခု ဝယ်ယူတပ်ဆင်ပါ။

## ရေပေးဝေရေး ရေစစ်

### ရေအလွယ်တကူစီးဆင်းမှုမရှိလျှင်

- ရေစင်ထွက်လာခြင်းကို ကာကွယ်ရန် အောက်ပါနည်းလမ်းများကို လိုက်နာပါ။




**1** ရေဘုံပိုင်ခေါင်းကို ပိတ်ပြီးနောက်
On/Off **ပါဝါဖွင့်ပါ**


**2** Start/Pause **စတင်ပါ**

**3** စက္ကန့်(၁၀)ခန့် ကြာပြီးနောက်
On/Off **ပါဝါပိတ်ပါ**

**4** **မူလီခေါင်းကို ချွတ်ပြီး ရေပိုက်ကို ဖယ်ရှားပါ။**



**5** **ရေစစ်ကိုဖယ်ရှားပြီး အညစ်အကြေးများကို သန့်ရှင်းပါ။**




## အမိကယူနစ်၊ အဖုံး

### ဆပ်ပြာ(သို့)ပျော့ဆေးဖြင့် အစွန်းအထင်းများချွတ်လျှင်

**နူးညံ့ပျော့ပျောင်းသောအဝတ်ဖြင့် သုတ်ပါ။**

(ကော်စေးကပ်သောအစိတ်အပိုင်းများ သို့မဟုတ် သတ္တုချေးပျက်စီးမှုမှ ကာကွယ်ရန်)

- မြေအစွန်းအကွက်များအတွက် မီးဖိုချောင်သုံး ဆပ်ပြာဖြင့် သုတ်ပစ်ပါ။
- ရေမဖြန်းပါနှင့်။

## စည်ပိုင်း

### တစ်ပတ်တစ်ကြိမ် (လေမှုတ်အခြောက်ခံခြင်း)

**1** စက်လည်ပတ်ပြီးနောက်
**အဝတ်အစားများမထည့်ပဲ**
**[9] လေမှုတ်အခြောက်ခံ ပရိုဂရမ်ကိုဖွင့်ပါ။**
(P.9)



### တစ်ပတ်တစ်ကြိမ် (စည်ပိုင်းသန့်ရှင်းရေး)

ကြိုတင်ပြင်ဆင်ခြင်း – ရေဘုံပိုင်ခေါင်းကိုဖွင့်ပါ။

**1** အဝတ်အစားများမထည့်ပဲ
On/Off **ပါဝါဖွင့်ပါ**

**2** Program [10] စည်ပိုင်းသန့်ရှင်းရေး ပရိုဂရမ်ကို ရွေးချယ်ပါ။



**3** Start/Pause **စတင်ပါ**

Start/Pause စည်ပိုင်းရေပြည့်လာသောအခါ
**ခေတ္တရပ်လိုက်ပါ။**

**4** **စည်ပိုင်းထဲသို့ ချွတ်ဆေးထည့်ပါ။**
အဝတ်အစားများအတွက် အသုံးပြုသော ကလိုရင်းချွတ်ဆေးကို သုံးပါ။



ခန့်မှန်းခြေ ၂၀၀ မီလီလီတာ

**5** အဖုံးပိတ်ပြီးနောက်
Start/Pause **စတင်ပါ**


**ခန့်မှန်းခြေ ၂ နာရီကြာပြီးနောက်**
**စည်ပိုင်းသန့်ရှင်းရေးပြီးဆုံးသည်။**

# စက်ကိရိယာတပ်ဆင်ခြင်း

## (၁)တည်နေရာ စစ်ဆေးပါ။

■ တပ်ဆင်မှုအတွက် အောက်ပါတည်နေရာများကိုရှောင်ပါ။


- အေးခဲနိုင်ဖွယ်ရှိသော နေရာများ
- စိုစွတ်သောနေရာများ သို့မဟုတ် မိုးရွာလျှင် ထိတွေ့စေနိုင်သည့် နေရာများ စသည်ဖြင့်။ (လျှပ်စစ်ရှော့ခ် သို့မဟုတ် မီးဘေးမှ ကာကွယ်ရန်)
- နေရောင်တိုက်ရိုက်ထိတွေ့သော နေရာများ (စက်ချွတ်ယွင်းခြင်း သို့မဟုတ် ရုပ်ပျက်စေခြင်းမှ ကာကွယ်ရန်)
- မညီညာသော သို့မဟုတ် မတည်ငြိမ်သော နေရာများ အုတ်ခဲ၊ သစ်သားတုံးပေါ်၊ ဘီးပါသည့် စားပွဲ စသည်)





## (၂)အောက်ခြေအဖုံးကို တပ်ဆင်ပါ။

ကြိုတင်ပြင်ဆင်ခြင်း - စက်ပစ္စည်းပျက်စီးခြင်းနှင့် ရုပ်ပျက်ခြင်းမှရှောင်ရှားရန် ကတ်ထူပြားစသည်ကို တပ်ဆင်ပြီး ယင်းပေါ်တွင် အဝတ်လျှော်စက်ကို တင်ထားပါ။ (ရှေ့ဘက်ခြမ်းကို နှိမ့်ထားပါ။)

**1** အောက်ခြေအဖုံးကို ယင်း၏ဝက်အူပေါက်နှင့်အတူ အောက်ခြေတွင် ထည့်သွင်းတပ်ဆင်ပါ။





**2** ကိုက်ညီသောအစွန်းများကို အပေါက် ၆ ခုတွင်တပ်ဆင်ပြီး ဝက်အူတစ်ခုဖြင့် တင်းကျပ်အောင်လုပ်ပါ။





## (၃)ပြင်ပရေဆိုးထုတ်ပိုက်ကို တပ်ဆင်ပါ။

**1** ချိတ်ဆက်သည်။





**2** မြားဦးတည်ချက် အတိုင်း ရေပိုက် အရစ်ကို လှို့သွင်းပါ။

- အဆုံးထိ တစ်လျှောက်လုံး လှို့သွင်းပါ။





(မှတ်ချက်)


- ရေပိုက်အစွန်အဖျားကို ရေအောက်တွင် မထားပါနှင့်။



- ရေပိုက်ကို ကြမ်းပြင်မှ ၁၀ စင်တီမီတာထက် ပိုသောအမြင့်တွင် မတင်ထားပါနှင့်။





- ၃ မီတာထက်ပိုပြီး ဆွဲဆန့်မထားပါနှင့်။



■ တပ်ဆင်မှုအတွက် ဝန်ဆောင်မှုပေးသူအား ဆက်သွယ်မေးမြန်းပါ။ ကိုယ်တိုင်မတပ်ဆင်ပါနှင့်။
■ အကယ်၍ အဝတ်လျှော်စက်အား တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်းကို ဤတပ်ဆင်သည့် နည်းလမ်းအတိုင်း လိုက်နာမပြုလုပ်ပါက Panasonic မှ မည်သည့်မတော်တဆမှု သို့မဟုတ် ပျက်စီးမှုအတွက် တာဝန်ယူမည်မဟုတ်။

## (၄) ရေပိုက်အဒက်တာနှင့် ရေပေးဝေသောပိုက်ကို ချိတ်ဆက်ထားပါ။

■ အဆက်အမျိုးအစား




**⚠ သတိ**


- မူလီခေါင်းကို တင်းကျပ်နိုင်မာအောင်တပ်ဆင်ပါ။
- ရေပိုက်ကို ဖြုတ်တောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထိုးသိပ်ထည့်ခြင်း၊ လိမ်ထည့်ခြင်းမပြုလုပ်ရ။

### 1 ရေပိုက်အဒက်တာကို ရေဘုံပိုင်ခေါင်းနှင့် ချိတ်ဆက်ထားပါ။

၁) အပိုင်း ဗ ကို ဝဲဘက်သို့ ၄ မီလီမီတာခန့် ဝက်အူရစ်ပေါ်လာသည်အထိ လှည့်ပါ။
၂) ဝက်အူ ၄ လုံးကို ဖြုတ်ပါ။
၃) ရေဘုံပိုင်ခေါင်းကို ချိတ်ဆက်ပြီး ဝက်အူဖြင့် တင်းကျပ်အောင်လုပ်ပါ။
၄) အပိုင်း ဗ ယာဘက်သို့လှည့်ပြီး လုံခြုံအောင် တင်းကျပ်ထားပါ။ (ရေယိုစိမ့်ထွက်ခြင်းမှ ကာကွယ်ရန်)

### 2 ရေပေးဝေသောပိုက်ကို ရေပိုက်ခေါင်းအဒက်တာတွင် ချိတ်ဆက်ထားပါ။

မောင်းတံကို အောက်သို့ တွန်းထားစဉ် အဒက်တာထဲသို့ ပိုက်ကိုထည့်ပြီး မောင်းတံ၏လက်သည်းကို အဒက်တာ၏ ဘောင်ကွပ်ပေါ်သို့ ချိတ်ထားပါ။





### 3 ရေပေးဝေသောပိုက်ကို ရေပေးဝေရေးအဆို့ရှင် ဝက်အူနှင့် ချိတ်ဆက်ပါ။

၁) တံတောင်ဆစ်ချိုးကို ကိုင်ထားပြီး မူလီခေါင်းကို တင်းကျပ်အောင်လုပ်ပါ။
၂) တံတောင်ဆစ်ချိုး ချောင်မနေစေရန် စစ်ဆေးပါ။


■ ဝက်အူရစ်အမျိုးအစား

### 1 ရေပိုက်၏အစွန်းတစ်ဖက်ကို ရေပိုက်ခေါင်းတွင်တပ်ဆင်ပြီး လက်ဖြင့် တင်းကျပ်အောင်လုပ်ပါ။




### 2 ရေပေးဝေသောပိုက်ကို ရေပေးဝေရေးအဆို့ရှင်ဝက်အူတွင် ချိတ်ဆက်ပါ။

၁) တံတောင်ဆစ်ချိုးကို ကိုင်ထားပြီး မူလီခေါင်းကို တင်းကျပ်အောင်လုပ်ပါ။
၂) တံတောင်ဆစ်ချိုး ချောင်မနေစေရန် စစ်ဆေးပါ။





## (၅) ပါဝါပလတ်ခေါင်းနှင့် မြေစိုက်ကြိုးတပ်ဆင်ခြင်း

- မြေစိုက်ကြိုးတပ်ဆင်ရန် ဝန်ဆောင်မှုပေးသူအား မေးမြန်းပါ။
- ၂-ပင်ကြိုးဖြစ်နေပါက မြေစိုက်ကြိုးဝှတ် တည်ဆောက်ပါ။

## (၆) အဝတ်လျှော်စက်မျက်နှာပြင် ညီညာမှုရှိ၊မရှိ စစ်ဆေးပါ။

■ **အဝတ်လျှော်စက် ယိမ်းယိုင်တိမ်းစောင်းနေလျှင်**




## (၇) စမ်းသပ်လည်ပတ်မှု ပြုလုပ်ခြင်း


- ရေယိုစိမ့်မှု၊ မူမမှန်သောအသံများ သို့မဟုတ် မှားယွင်းချက် ပြသမှုမရှိစေရန် စစ်ဆေးပါ။

# ပြဿနာအား ရှာဖွေရှင်းပေးခြင်း

| | လက္ခဏာများ | စစ်ဆေးရမည့် အချက်များ |
|---|---|---|
| အချိန် | အချိန်ညွှန်ပြချက် တိုးလာခြင်း သို့မဟုတ် မပြောင်းလဲခြင်း | ● အချိန်ညွှန်ပြချက်သည် အနီးစပ်ဆုံးဖြစ်သည်။ ကျန်ရှိသောအချိန်ကို လည်ပတ်စဉ်အတွင်း မှန်အောင်ပြင်ပေးပြီး ပြသသည်။ |
| အချိန် | လည်ပတ်ချိန်သည် အချိန်ညွှန်ပြချက်ထက် ပိုကြာသည်။ သတ်မှတ်ထားသောအချိန်ပြီး နောက် လည်ပတ်မှု ရပ်တန့်မသွားပါ။ | ● အဝတ်အစားများသည် တစ်ဖက်တွင် စုစည်းနေခြင်း သို့မဟုတ် ရေပေးဝေမှု သို့မဟုတ် ရေဆိုးထုတ်မှုမကောင်းလျှင် လည်ပတ်ချိန် ပိုကြာနိုင်သည်။ (P. 15 "U 11" "U 14") |
| အဓိကယူနစ် | လည်ပတ်မှုမရှိခြင်း | ● ပါဝါပြတ်တောက်နေသလား။<br>● အဖုံးလုံအောင်ပိတ်ထားပါသလား။<br>● ပါဝါဖျူးပြတ်နေလား သို့မဟုတ် ဘာမန၃ုနမ ခလုတ်ကျနေပါသလား။<br>● ပါဝါပလတ်ကို အဆုံးထိ ထိုးထားပါသလား။<br>● ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါသလား။<br>● "Start" ကိုနှိပ်ပါသလား။<br>● Timer ကို ကြိုတင်သတ်မှတ်ထားပါသလား။ |
| လျှော်ဖွတ်သည် | ရေပေးဝေမှုမရှိပါ။ | ● ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါသလား။<br>● ရေပြတ်တောက်နေပါသလား။<br>● ရေပေးဝေမှုရေစစ်သည် အညစ်အကြေးများဖြင့် ပိတ်နေပါသလား။ (P. 11) |
| လျှော်ဖွတ်သည် | ရေကို လျှော်ဖွတ်သည့် လုပ်ငန်းစဉ် တစ်ဝက်ပြီးမြောက်စဉ် ထောက်ပံ့သည်။ | ● ရေချိန် လျော့ကျသွားလျှင် ရေကိုအလိုအလျောက်ဖြည့်သည်။<br>● အဝတ်အစားများပြီး ရေကို အကြိမ်ပေါင်းများစွာ အလိုအလျောက်ဖြည့်သည်။ |
| လျှော်ဖွတ်သည် | ထည့်ထားသော အဝတ်အစားပမာဏ အတွက် ရေချိန်များလွန်းနေသည်။ | ● လည်ပတ်မှုမစတင်မီ အဝတ်အစားများ ရေစိုနေလျှင် သို့မဟုတ် စည်ပိုင်းတွင် ရေရှိနေလျှင် ရေချိန်ပိုများနိုင်သည်။ |
| လျှော်ဖွတ်သည် | ထည့်ထားသော အဝတ်အစားပမာဏ အတွက် ရေချိန်နည်းလွန်းသည်။ | ● ပေါ့ပါးသောအဝတ်အစားများ (ဒြပ်ဖိုင်ဘာ စသည်ဖြင့်) အတွက် ရေချိန်နည်းနိုင်သည်။ |
| ရေကျင်းသည်/လှည့်သည် | ရေကျင်းသည့် လည်ပတ်မှု စတင်သော်လည်း ရေထောက်ပံ့မှုမရှိ။ | ● စည်ပိုင်းထဲတွင် ရေမရှိပါက လှည့်ပြီးနောက် ရေကိုထုတ်ပေးသည်။<br>● စည်ပိုင်းထဲတွင် ရေရှိပါက ရေစွန့်ထုတ်ပြီးနောက် ရေကိုထုတ်ပေးသည်။ |
| ရေကျင်းသည်/လှည့်သည် | လှည့်နေစဉ်အတွင်း လုပ်ငန်းလည်ပတ်မှုသည် ရုတ်တရက် ရေကျင်းခြင်းဖြစ်စဉ် သို့ ပြောင်းလဲသွားသည်။ လှည့်ခြင်းကို အလိုရှိသော်လည်း ရေကျင်းခြင်းကိုသာ လုပ်ဆောင်သည်။ | ● အဝတ်အစားများသည် စည်ပိုင်း၏တစ်ဖက်တွင် စုစည်းနေလျှင် အဝတ်လျှော်စက်သည် ရေကျင်းခြင်းလုပ်ငန်းစဉ်ကို စတင်ခြင်းဖြင့် မညီမျှမှုကို အလိုအလျောက်ပြုပြင်ပေးသည်။ (အဝတ်အစားများကို တတ်နိုင်သမျှ အညီအမျှထားပါ။) |
| ရေကျင်းသည်/လှည့်သည် | လှည့်နေစဉ်အတွင်း ပုံမှန်မဟုတ်သော လည်ပတ်မှု | ● လှည့်နေစဉ် အမြှုပ်လျှော့ချရန် စည်ပိုင်းလည်ပတ်နှုန်းကို ချိန်ညှိပေးသည်။ |
| အခြားအကြောင်းအရာများ | ပါဝါပြတ်တောက်ခြင်း/ **braker** ခလုတ်ကျခြင်း | ● "Auto Restart"သည် ပါဝါပြန်လည်ရရှိပါက ရပ်တန့်သည့်နေရာမှစ၍ လုပ်ငန်းပြန်လည်စတင်သည်။ |
| အခြားအကြောင်းအရာများ | ရေပြတ်တောက်ခြင်း | ● ရေပေးဝေမှုပြန်လည်ရရှိလာသည့်အခါ ရေပေးဝေသောပိုက်ကို ဖယ်ထုတ်ပြီး ရေဘုံပိုင်ခေါင်းမှ အနည်များကို ထုတ်လွှတ်ပစ်ပါ။ ပြီးနောက် အဝတ်လျှော်စက်ကို စတင်ပါ။ |
| အခြားအကြောင်းအရာများ | 4 **Fragrance** ပရိုဂရမ်ကို ရွေးချယ်မရပါ။ | ● Child Lock (P. 10) **ကို သတ်မှတ်ထားလျှင်** 4 Fragrance **ပရိုဂရမ်ကို ရွေးချယ်မရပါ။** |

# မှားယွင်းချက် ပြသပေးခြင်း

- တတီတီမြည်ပြီး "U"/ "H" နှင့် နံပါတ်တစ်ခုကို တစ်လှည့်စီပြသသည်။
- Child Lock ကို သတ်မှတ်ပေးထားလျှင် ပယ်ဖျက်ပါ။ (P. 10)

| မှားယွင်းချက် ပြသပေးခြင်း | စစ်ဆေးရမည့် အချက်များ |
|---|---|
| U 11 | **ရေဆိုးစွန့်ထုတ်မရပါ။**<br>**အောက်ဖော်ပြပါ ပုံမှန်မဟုတ်ခြင်းများအတွက် ရေဆိုးထုတ်ပိုက်ကို စစ်ဆေးပါ။**<br>● ရေပိုက် ပျက်စီးနေပါသလား။<br>● အစအနများဖြင့် ပိတ်ဆို့နေပါသလား။<br>● ရေပိုက်အစွန်အဖျားသည် ရေအောက်တွင်နစ်နေပါသလား။<br>● ရေပိုက်ကို ကြမ်းပြင်မှ ၁၀ စင်တီမီတာထက်ပိုသောအမြင့်တွင် တင်ထားပါသလား။(P. 12)<br>● ပိုက်ကို (ကြားဆက်ပိုက်အပါအဝင်) ၃ မီတာထက်ပိုပြီး ဆွဲဆန့်ထားပါသလား။ (P. 12)<br>အထက်ပါ ပြဿနာများကို ဖြေရှင်းပြီးပါက အဖုံးဖွင့်ခြင်းနှင့် ပိတ်ခြင်းဖြင့် လည်ပတ်မှုကို ပြန်လည်စတင်နိုင်ပါသည်။ |
| U 12 | **အဖုံးဖွင့်ထားသည်။**<br>● အဖုံးဖွင့်လျက် အဝတ်လျှော်စက်ကို လည်ပတ်ရန် လုပ်ဆောင်စေခဲ့ပါသလား။<br>→အဖုံးကို ပိတ်ပါ။ |
| U 13 | **လှည့်ခြင်း သို့မဟုတ် လေမှုတ်အခြောက်ခံ၍ မရပါ။**<br>● အဝတ်အစားများသည် စည်ပိုင်း၏ တစ်ဖက်တွင် စုစည်းနေပါသလား။<br>→ အဝတ်အစားများကို အညီအမျှဖြန့်ထားပေးပြီး အဖုံးကိုပိတ်ပါ။<br>● အဝတ်လျှော်စက်ကို မတည်ငြိမ်သော သို့မဟုတ် တိမ်းစောင်းနေသောမျက်နှာပြင်ပေါ်တွင် တပ်ဆင်ထားပါသလား။<br>→ အဖုံးဖွင့်ခြင်းနှင့် ပိတ်ခြင်းဖြင့် လည်ပတ်မှုကို ပြန်လည်စတင်နိုင်ပါသည်။<br> |
| U 14 | **ရေပေးဝေ၍ မရပါ။**<br>● ရေဘုံပိုင်ခေါင်းကို ဖွင့်ထားပါသလား။<br>● ရေပြတ်တောက်နေပါသလား။<br>● ရေပေးဝေမှု ရေစစ်သည် အညစ်အကြေးများဖြင့် ပိတ်ဆို့နေပါသလား။ (P. 11)<br>အဖုံးဖွင့်ခြင်းနှင့် ပိတ်ခြင်းဖြင့် လည်ပတ်မှုကို ပြန်လည်စတင်နိုင်ပါသည်။ |
| U 99 | **ရေကို အတင်းအကြပ်ညှစ်ထုတ်စွန့်ပစ်သည်။**<br>● Child Lock ကို သတ်မှတ်ထားပြီး အဖုံးကို ၁၀ စက္ကန့် သို့မဟုတ် ထိုထက်မက ဖွင့်ထားသောကြောင့် ရေကို အတင်းအကြပ်ညှစ်ထုတ်စွန့်ပစ်သည်။ (P. 10)<br>→ပါဝါကြိုးကို ဖြုတ်ပြီး ၅ စက္ကန့်ကြာပြီးနောက် ပလတ်ကို ပြန်လည်တပ်ဆင်ပါ။ |
| H □□ | **စစ်ဆေးရန်လိုအပ်သည်။**<br>● ပါဝါကြိုးကို ဖြုတ်ပါ။ ထို့နောက် ပြသထားသော အမှား ("H" နောက် ဂဏန်း ၂ လုံး) ကို ဝန်ဆောင်မှုပေးသူထံ သတင်းပို့ပါ။ |

# Specifications

| | NA-F80VB7 | NA-F75S7 | | NA-F70S7 | |
|---|---|---|---|---|---|
| အဆင့်သတ်မှတ်ထားသော ဗို့အား | 220 - 240 V | 220 - 240 V | 230 V | 220 - 240 V | 230 V |
| အဆင့်သတ်မှတ်ချက်ကြိမ်နှုန်း | 50 Hz | 50 Hz | 60 Hz | 50 Hz | 60 Hz |
| အဆင့်သတ်မှတ်ထားသော စွမ်းအင်သုံးစွဲမှု | 450 W | | | | |
| ရေပမာဏ စံနှုန်း | 55 L | 53 L | | 52 L | |
| အများဆုံး ဆံ့သောပမာဏ (အဝတ်ခြောက်) | 8.0 kg | 7.5 kg | | 7.0 kg | |
| ကုန်ပစ္စည်းအရွယ်အစား | 525 mm (W) × 571 mm (D) × 929 mm (H) | | | | |
| ကုန်ပစ္စည်းအလေးချိန် | 28 kg | | | | |
| ဘုံပိုင်ရေဖိအား | 0.01 - 1 MPa | | | | |

Panasonic Corporation
http://www.panasonic.com
© Panasonic Appliances Vietnam Co., Ltd. 2015